# သတင်းထုတ်ပြန်ကြေညာချက်

၂၀၁၁ ခုနှစ် ဇူလိုင်လ ၁၄ ရက်နေ့

## မြန်မာစစ်တပ်မှ ရှမ်းပြည်မြောက်ပိုင်းဒေသ စစ်ဆင်ရေးတွင် မုဒိမ်းမှုများ ကျူးလွန်ခွင့်ပြုထားခြင်း

ရှမ်းအမျိုးသမီးရေးရာ ဆက်သွယ်လှုပ်ရှားဆောင်ရွက်ရေးအသင်းနှင့် ရှမ်းလူ့အခွင့်အရေးမဏ္ဍိုင်မှ ကောက်ခံရရှိသော သတင်းအချက်အလက်များအရ မြန်မာအစိုးရစစ်တပ်သည် ရှမ်းပြည်တပ်မတော်(မြောက်ပိုင်း)ကို ထိုးစစ်ဆင်ရာတွင် မုဒိမ်းကျင့်၍ ကြောက်ရွံ့တုန်လှုပ်စေသည့်နည်းလမ်းများကို အသုံးပြုခွင့်ပေးထားသည်မှာ သိသာထင်ရှားလှပါသည်။

၂၀၁၁ ခုနှစ် ဇူလိုင်လ ၅ ရက်နေ့တွင် မြန်မာအစိုးရစစ်တပ် ခြေလျင်တပ်ရင်း ၅၁၃ သည် ကျေးသီးမြို့ရှိ ဝမ်လွိုင်ရွာသို့ ဝင်ရောက်ခဲ့ပြီး တစ်နာရီအချိန်အတွင်း၌ တရွာလုံးရှိပစ္စည်းဥစ္စာများကို ဓါးမြတိုက်လုယူသွားသည့်အပြင် အမျိုးသမီး ၄ ယောက်ကိုလည်း မုဒိမ်းကျင့်လိုက်ကြောင်း သတင်းရရှိသည်။ ထိုအမျိုးသမီးငယ်များမှာ နန်းမွန်း (အသက် ၁၂ နှစ်)၊ နန်းစံ (အသက် ၅၀ နှစ်)၊ နန်းလွတ်  (အသက် ၃၀ နှစ်) နှင့် နန်းဖုန်း (အသက် ၃၅ နှစ်) (နာမည်အရင်းများမဟုတ်) တို့ ဖြစ်ကြသည်။

၁၂ နှစ်အရွယ်ရှိ နန်းမွန်းမှာ သူမ၏မိခင်ရှေ့တွင် မုဒိမ်းကျင့်ခံရသည့်အပြင် နန်းမွန်း၏မိခင်က သူမကို အကာအကွယ်ပေးသောအခါ ရိုက်နှက်နှိပ်စက်ခြင်းခံရသည်။ အနီးအနားရှိရွာသူရွာသားများမှ အမျိုးသမီးငယ်၏ အော်ဟစ်အကူအညီတောင်းသံကိုကြားရသော်လည်း ဝင်ရောက်ကူညီရန်မဝံ့ရဲကြပေ။ ၄င်းအပြင် အသက် ၅၀ အရွယ်ရှိသော မုဆိုးမ နန်းစံမှာလည်း သူမနေအိမ်ထဲ၌ ထိုနည်းတူပင် မုဒိမ်းကျင့်ခံခဲ့ရသည်။

ကိုးလကိုယ်ဝန်ဆောင်နေသော အသက် ၃၀ အရွယ်ရှိသော နန်းလွတ် မှာလည်း ကြမ်းတမ်းစွာကြမ်းပြင်သို့ တွန်းပစ်ခံရပြီး မုဒိမ်းကျင့်ခံခဲ့ရသည်။ တချိန်တည်းမှာပင် နန်းဖုန်းမှာ ရွာအပြင်တွင်ဖမ်းဆီးချုပ်နှောင်ခံရပြီး ရိုက်နှက်ညဉ်းပန်းခံရသည့်အပြင် အဝတ်ဆွဲချွတ်ခံရပြီး ယာတောတဲတစ်တဲတွင် မုဒိမ်းကျင့်ခြင်းခံခဲ့ရသည်။  တောထဲတွင်အဝတ်မပါ ကိုယ်လုံးတီးဖြင့် ထွက်ပြေးနေသည့် နန်းဖုန်းအား အခြားရွာသားများကတွေ့ရှိကြောင်း သတင်းရရှိသည်။

ဝမ်လွိုင်သည် ရှမ်းပြည်တပ်မတော် (မြောက်ပိုင်း) ၏ ဝမ်ဟိုင်း ဌာနချုပ် မှ ၁၅ မိုင်ခန့်ကွာဝေးသော ရွာကြီးတစ်ရွာ ဖြစ်သည်။ ဝမ်ဟိုင်းဌာနချုပ်ကို ပြီးခဲ့သည့် မတ်လ ၁၃ ရက်နေ့မှစ၍ မြန်မာအစိုးရစစ်တပ်အင်အား ၃၀၀၀ ကျော်ဖြင့် ၂၂ နှစ်ကျော်ကြာခဲ့ပြီးသော အပစ်ခတ်ရပ်စဲရေးသဘောတူညီချက်ကိုချိုးဖောက်၍ စတင်တိုက်ခိုက်လာခဲ့သည်။ မြန်မာအစိုးရစစ်တပ်သည် ရွာသူရွာသားများအပေါ် ရက်စက်ကြမ်းကြုတ်စွာ  ညဉ်းပန်းနှိပ်စက်ခြင်း၊ သတ်ဖြတ်ခြင်းအပြင်၊ လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မများကြောင့် ထောင်ချီသောရွာသူရွာသားများမှာ ရွာမှထွက်ပြေးတိမ်းရှောင်ခဲ့ကြရသည်။

"မြန်မာစစ်အစိုးရစစ်တပ်တွေဟာ ကလေးသူငယ်တွေ၊ ကိုယ်ဝန်ဆောင်မိခင်တွေ၊ အသက်အရွယ်ရလာတဲ့သူတွေကို မုဒိမ်းကျင့်ဘို့ အခွင့်ရနေဆဲဖြစ်တယ်" ဟု SWAN တာဝန်ခံမှ နန်းဆိုင်မွန်းမှပြောပါသည်၊ "ကျမတို့ အဲဒီစစ်ရာဇဝတ်မှုကို ပြင်းပြင်းထန်ထန် ကန့်ကွက်ရှုတ်ချပါတယ်" ဟု ဆက်လက်၍ သူမ ပြောပါသည်။

ဤဖြစ်ရပ်သည် ကချင်အမျိုးသမီးအစည်းအရုံး ထိုင်းနိုင်ငံမှ ကချင်ပြည်နယ်အတွင်း ပြီးခဲ့သည့်လတွင်ဖြစ်ပွားခဲ့သော တိုက်ပွဲတွင် အမျိုးသမီးနှင့်မိန်းကလေး ၁၈ ယောက်အား မုဒိမ်းကျင့်ခြင်းကိုကန့်ကွက်ရှုတ်ချပြီးသည့် နောက်တပါတ်တွင် ဖြစ်ပေါ်ခဲ့ခြင်းဖြစ်သည်။ ရှမ်းနှင့်ကချင်တပ်မတော်၏ အပစ်ခတ်ရပ်စဲရေးသဘောတူညီချက်ကို ဖောက်ဖျက်ခြင်းကြောင့် ရှမ်းပြည်နယ်မြောက်ပိုင်းအတွင်းရှိ မြို့ပေါင်း ၁၂ မြို့အတွင်း စစ်ပွဲများဖြစ်ပွားခဲ့သည်။

ရှမ်းပြည်မြောက်ပိုင်းသည် မြန်မာအစိုးရစစ်တပ်၏ အာဏာအောက်သို့ရောက်ရန် အလွန်အရေးကြီးသော မဟာဗျူဟာထဲတွင်ပါဝင်နေသည်။ အဘယ်ကြောင့်ဆိုသော် အုပ်စိုးသူစစ်အာဏာပိုင်တို့သည် အဓိကရင်းနှီးမြှုပ်နှံသူဖြစ်သော တရုတ်များရင်းနှီးမြှုပ်နှံမှု၊ ရေးအားလျှပ်စစ်ရေလှောင်တမံကြီးများအပါအဝင် သဘာဝဓါတ်ငွေ့နှင့် သဘာဝရေနံတူးဖော်ရန်အတွက် သေချာစေရန် နည်းလမ်းရှာဖွေနေကြသောကြောင့်ဖြစ်သည်။

"မြန်မာနိုင်ငံနှင့် ဆက်သွယ်နေတဲ့ နိုင်ငံခြားအစိုးရတွေဟာ ဒီလိုရက်စက်ကြမ်းကြုတ်တဲ့ လုပ်ရပ်တွေကိုငြိမ်သက်ပြီး လက်ပိုက်ကြည့်မနေသင့်ဘူး။ "ဒီလိုမျိုး" စီးပွားရေးသာဆက်ရှိနေမယ်ဆိုရင် ကျမတို့နေထိုင်ရာအရပ်ဒေသတွေမှာ မုဒိမ်းကျင့်မှုဆက်လက်ဖြစ်ပွားနေမှာဘဲလို့ အဓိပ္ပါယ်ကောက်လို့ရတယ်" ဟုနန်းဆိုင်မွန်းမှ ထပ်မံပြောကြားသည်။

လူ့အခွင့်အရေးချိုးဖောက်မှု အသေးစိပ်အချက်အလက်များဖြစ်သည့် အစိုးရစစ်တပ်မှ SSA-N နှင့် ထိုးစစ်ဆင် တိုက်ခိုက်လုပ်ရာတွင်သော်လည်းကောင်း၊ ပြည်သူပြည်သားနှင့် လူမှုအသိုင်းအဝိုင်းများအပေါ် ထိခိုက်နစ်နာစေသော ချိုးဖောက်မှုဓါတ်ပုံများကိုလည်းကောင်း– HYPERLINK http://www.shanhumanrights.org, www.shanhumanrights.org နှင့် www.shanwomen.org တို့တွင် ထပ်မံကြည့်ရှုရယူနိုင်သည်။

ဆက်သွယ်ရန်–

ယိင်းဟာန်ဖ + ၆၆ ၈၉ ၂၆၂ ၇ ၈၄၈

ယိင်းစံဟွမ် + ၆၆ ၈၁ ၉၉၂ ၁ ၁၂၁

ရှမ်းအမျိုးသမီးရေးရာ ဆက်သွယ်လှုပ်ရှားဆောင်ရွက်ရေးအသင်း (SWAN )
www.shanwomen.org

ရှမ်းလူ့အခွင့်အရေးဖောင်ဒေးရှင်း(SHRF)
www.shanhumanrights.org